# *Top ten reasons for good financial management:*
## ကောင်းမွန်သောဘဏ္ဍာရေးစီမံခန့်ခွဲမှုအတွက် ထိပ်တန်းအကြောင်းပြချက်ဆယ်ခု

***1. To be accountable to the people who give us money***

ကျွန်တော်တို့ကို ရန်ပုံငွေပေးထားသောသူများကို တာဝန်ခံရန်အတွက်

*With good financial reporting systems, it is easier to show donors and supporters that we are using their money for the purpose intended.*

ကောင်းမွန်သော ဘဏ္ဍာရေးအစီရင်ခံစနစ်များအားဖြင့် အလှူရှင်များနှင့် ထောက်ပံ့သူများ၏ငွေကြေးကို ရည်ရွယ်ထားသောကိစ္စရပ်အတွက် အသုံးပြုနေကြောင်း ပြသရန် ပိုမိုလွယ်ကူသည်။

***2. To be accountable to the communities we work with***

ကျွန်တော်တို့နှင့် လက်တွဲအလုပ်လုပ်နေသည့် ရပ်ရွာလူထုများကို တာဝန်ခံရန်

*We have a moral obligation to show that funds raised in the beneficiary community's name are being used correctly.*

အကျိုးခံစားခွင့်ရသူ ရပ်ရွာလူထု၏အမည်ဖြင့် ရှာဖွေထားသောရန်ပုံငွေများကို မှန်မှန်ကန်ကန်အသုံးပြုထား ကြောင်းကို ပြသရန် ကျွန်တော်တို့တွင် ကိုယ်ကျင့်တရားဆိုင်ရာ ဝတ္တရားရှိသည်။

***3. To be able to produce financial statements for regulatory bodies***

စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များအတွက် ဘဏ္ဍာရေးဖော်ပြချက်များကို ထုတ်ပြန်နိုင်ရန်

*As part of the registration process, NGOs are required to be accountable for the money they raise and spend.*

စာရင်းသွင်းခြင်းဖြစ်စဉ်အဖြစ် အန်ဂျီအိုများသည် မိမိတို့ရှာဖွေထားသောငွေနှင့် သုံးစွဲငွေများအတွက် တာဝန်ခံရန် လိုအပ်သည်

***4. To minimize fraud, theft and abuse of resources***

အရင်းအမြစ်များကို အလွဲသုံးမှု၊ ခိုးမှုနှင့် လိမ်လည်မှုများကို လျော့နည်းစေရန်

*Good financial management includes internal controls. When these are in place they help to stop fraud and protect the staff as well as the assets.*

ကောင်းမွန်သောဘဏ္ဍာရေးစီမံခန့်ခွဲမှုတွင် အဖွဲ့တွင်းထိန်းချုပ်ခြင်းများ ပါဝင်သည်။ ထိုအရာများ နေရာ တကျရှိစဉ် ၎င်းတို့သည် လိမ်လည်မှုကို ရပ်တန့်ရန်နှင့် ဝန်ထမ်းများနှင့် ပိုင်ဆိုင်သည့်ပစ္စည်းများကို ကာကွယ်ရန် ကူညီပေးသည်။

*5. To plan for the future and become more financially secure*

အနာဂတ်အတွက် အစီအစဉ်ချရန်နှင့် ပိုမိုပြီးဘဏ္ဍာရေးလုံခြုံလာစေရန်

*We have to plan to make sure we have enough money to carry out our objectives now and in the future. Budgets help us plan for projects and manage cash. Financial information helps us to identify potential financial risks and the need for savings (reserves). We need financial information about where we are now and where we want to be in the future, to help identify our long term - financing needs.*

ယခုလက်ရှိအချိန်နှင့် အနာဂတ် ရည်မှန်းချက်များကို လုပ်ဆောင်နိုင်ရန် လုံလောက်သော ငွေကြေးရှိကြောင်း သေချာစေရန် အစီအစဉ်ဆွဲဖို့လိုသည်။ ရသုံးမှန်းခြေစာရင်းများသည် ငွေသားစီမံခန့်ခွဲမှုနှင့် စီမံကိန်းများ အစီအစဉ်ဆွဲရာတွင် ကျွန်တော်တို့ကို ကူညီပေးသည်။ ဘဏ္ဍာရေးသတင်းအချက်အလက်များသည် ဖြစ်နိုင်ဖွယ်ရာ ဘဏ္ဍာရေးအန္တရာယ်များနှင့် ငွေစု(အရန်ထား)ရန် လိုအပ်ချက်ကို ဖော်ထုတ်ရန် ကူညီပေးသည်။ ကျွန်တော်တို့အတွက် ရေရှည်ဘဏ္ဍာရေးလိုအပ်ချက်ကို ဖော်ထုတ်ရာတွင် ကူညီရန်၊ ကျွန်တော်တို့ ယခု ဘယ်ကိုရောက်နေသည်၊ အနာဂတ်တွင် ဘယ်ကိုရောက်ချင်သည်ဆိုသည့် ဘဏ္ဍာရေး သတင်းအချက်အလက်များ ကျွန်တော်တို့ လိုအပ်သည်။

*6. To enable staff to make better decisions on the use of funds*

ရန်ပုံငွေများကို အသုံးပြုမှုအပေါ် အကောင်းဆုံးဆုံးဖြတ်ချက်များချရာတွင် ဝန်ထမ်းများကို ထောက်ကူရန်

*Complete, up-to-date and timely project monitoring reports enable project managers to plan their activities according to the budget available and take decisions to fulfil objectives. Good cash flow management enables activities to be planned, items purchased when needed and staff paid on time.*

ပြီးပြည့်စုံသော၊ ခေတ်မီသော၊ အချိန်နှင့်တပြေးညီ စီမံချက်စောင့်ကြည့်လေ့လာခြင်း အစီရင်ခံစာများသည် စီမံချက်မန်နေဂျာများကို ရည်မှန်းချက်များအား ဖြည့်ဆည်းရန် ဆုံးဖြတ်ချက်များချခြင်းနှင့် ရရှိထားသော ဘတ်ဂျက်အရ ၎င်းတို့၏ လုပ်ငန်းစဉ်များကို အစီအစဉ်ချမှတ်ရန် ကူညီပေးသည်။ ကောင်းမွန်သောငွေသား စီးဆင်းမှုကို စီမံခန့်ခွဲမှုသည် လုပ်ငန်းစဉ်များကို အစီအစဉ်ချရန်၊ လိုအပ်ချိန် ပစ္စည်းများဝယ်ယူရန်နှင့် ဝန်ထမ်းမှ အချိန်မှီ ပေးချေရန် ကူညီပေးသည်။

*7. To achieve the objectives of the organization*

အဖွဲ့အစည်း၏ ရည်မှန်းချက်များ ဖြစ်မြောက်အောင်မြင်စေရန်

*Good financial management will give the management team and Board the information they need to ensure they are fulfilling the objectives of the organization and following the strategic plan.*

ကောင်းမွန်သော ဘဏ္ဍာရေးစီမံခန့်ခွဲမှုသည် စီမံခန့်ခွဲရေးအဖွဲ့နှင့် ဘုတ်အဖွဲ့တို့အား အဖွဲ့အစည်း၏ ရည်မှန်းချက်များအား ဖြည့်ဆည်းပေးနေကြောင်းနှင့် မဟာဗျူဟာမြောက်အစီအစဉ်ကို လိုက်လျောက်နေကြောင်း သေချာစေရန် သူတို့လိုအပ်သော သတင်းအချက်အလက်ကို ပေးပါလိမ့်မည်။

***8. To enhance the credibility of the organization***

အဖွဲ့အစည်း၏ ယုံကြည်ကိုးစားမှုကို မြှင့်တင်ရန်

*NGOs that keep good accounts, create great budgets and produce accurate and timely financial reports, inspire confidence and trust in their stakeholders. This gives them an advantage over their competitors.*

ကောင်းမွန်သော စာရင်းအင်းများထိန်းသိမ်းထားကာ ကြီးမားသောဘတ်ဂျက်များကို ဖန်တီးပြီး တိကျမှန်ကန်သော၊ အချိန်နှင့်တပြေးညီ အစီရင်ခံစာများကို ထုတ်ဝေသည့် အန်ဂျီအိုများသည် ၎င်းတို့၏ ပတ်သက်ဆက်နွယ်သူများအထဲတွင် စိတ်ချယုံကြည်မှုကို လှုံ့ဆော်ပေးသည်။ ထိုအရာသည် ၎င်းတို့၏ ပြိုင်ဖက်များအပေါ်တွင် အားသာချက်တစ်ခုအဖြစ် သူတို့ကို ပေးသည်။

***9. To strengthen fundraising efforts***

ရန်ပုံငွေရှာသည့် ကြိုးပမ်းမှုများကို အားကောင်းလာစေရန်

*NGOs that present good budgets and audited financial statements with funding proposals are more likely to receive a favorable response.*

ကောင်းမွန်သောဘတ်ဂျက်များနှင့် ရန်ပုံငွေအဆိုပြုလွှာများနှင့် စာရင်းစစ်ထားသော ဘဏ္ဍာရေးရှင်းတမ်းများ တင်ပြထားသော အန်ဂျီအိုများသည် မျက်နှာသာပေးသောတုန့်ပြန်မှုတစ်ခု ပိုမိုရရှိရန် ဖြစ်နိုင်သည်။

***10. To get better value for our money***

ကျွန်တော်တို့ငွေကြေးကို ပိုမိုတန်ဖိုးထားလာရန်

*Financial information allows us to compare and assess spending plans to make sure we make efficient, effective and economic use of financial resources.*

ဘဏ္ဍာရေးသတင်းအချက်အလက်သည် အသုံးအစီအစဉ်များကို နှိုင်းယှဉ်ရန်နှင့် အကဲဖြတ်ရန်၊ ဘဏ္ဍာရေးအရင်းအမြစ်များကို စီးပွားရေးအရ၊ ထိရောက်စွာ၊ စွမ်းဆောင်ရည်ရှိစွာ အသုံးပြုမှုကို သေချာစေရန် ခွင့်ပြုပေးသည်။